# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 22, 2019 Volume 17, Number 15


**၂၂.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၅.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၉.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၈.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၉.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၂၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၉၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၄၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၅.၅၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၂၃ကျပ် |

Source: CBM Rate, SFJ Journal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## မြစ်ဝကျွန်းပေါ် ရေတ်ရှည်အသစ်ထွက်ချိန် ယမန်နှစ်ထက် ဈေးအမြင့်ဖြင့်ဝင်ရောက်ခဲ့



ရန်ကုန်ဈေးကွက်သို့ မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည်အသစ်များ ဈေးနှုန်းအမြင့်ဖြင့် ဝင်ရောက်လာကြောင်း စိန်ပန်းလမ်းငရုတ်ပွဲရုံမှသိရသည်။ မတ် ၁၉ ရက် ရန်ကုန်ငရုတ်ဈေးကွက်တွင် အိန္ဒိယငရုတ်အစစ် လက်ကားတစ်ပိဿာ ကျပ် ၄၂၅၀၀၊ မြန်မာပြည်တွင်းစိုက် အိန္ဒိယငရုတ်ရှည်တစ်ပိဿာ ကျပ် ၄၁၀၀၀၊ ပန်းတနော် ငရုတ်ရှည်အသစ် တစ်ပိဿာ ကျပ် ၄၀၀၀၀၊ အိမ်မဲငရုတ်ရှည် အသစ်တစ်ပိဿာ ကျပ် ၄၁၀၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ပွ တစ်ပိဿာ ကျပ် ၈၀၀၀၀၊ ၉၀၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ကျပ် ၇၅၀၀၀၊ ၈၅၀၀၀၊ လေးအိမ်စုမိုးထောင် တစ်ပိဿာ ကျပ် ၄၂၀၀၀ နှုန်းအသီးသီးရှိသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အိန္ဒိယငရုတ်ရှည်လက်ကားတစ်ပိဿာ ကျပ် ၃၅၀၀၀၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာ ကျပ် ၂၉၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွတစ်ပိဿာ ကျပ် ၇၅၀၀၀၊ မြစ်ဝကျွန်းပေါ် မိုးထောင်အတောင့်သေးတစ်ပိဿာ ကျပ် ၃၈၀၀၀၊ အတောင့်ကြီး ကျပ် ၃၅၀၀၀ ဈေးနှုန်းအသီးသီးရှိရာမှ တစ်လအတွင်း ငရုတ်ဈေးနှုန်းမြင့်တက် လာခြင်းဖြစ်သည်။

ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ ငရုတ်ရှည်အသစ်များ ဈေးကွက်သို့ စတင် ဝင်ရောက်လာသည်။ ယင်းငရုတ်ရှည်အသစ်များမထွက်ပေါ်မီ ငရုတ် ဈေးကွက် အတွင်း အများအပြားကို ကြိုတင်ဝယ်ဈေးတစ်ပိဿာလျှင် ကျပ် ၂၈၀၀၀ နှုန်းဖြင့် ကြိုရောင်းကြိုဝယ်ရှိခဲ့သည်ဟု အဝယ်တော်တစ်ဦးထံမှသိရသည်။ ယခင်နှစ် ကာလတူဖြစ်သော ၂၀၁၈ ခုနှစ် မတ် ၁၉ ရက်တွင် အိန္ဒိယငရုတ်ရှည် လက်ကား တစ်ပိဿာကျပ် ၄၀၀၀၀၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာကျပ် ၃၄၀၀၀၊ မိုးထောင် ငရုတ် တစ်ပိဿာကျပ် ၃၄၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာကျပ် ၁၂၀၀၀၀ အသီးသီးရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရသိရသည်။ သို့သော် မြစ်ဝကျွန်းပေါ် ငရုတ်ရှည်အသစ် တစ်ပိဿာလျှင် ကျပ် ၂၁၀၀၀ အထိ ၂၀၁၈ ခုနှစ် မေလ

နောက်ဆုံးပတ်အတွင်း စျေးကျခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလလယ်တွင် အအေးခန်းသွင်း ငရုတ်ရှည်တစ်ပိဿာ ကျပ် ၄၅၀၀ အထိစျေးမြင့်တက်ခဲ့၍ ငရုတ်လှောင်အအေးခန်းသွင်းသူများ အကျိုးအမြတ်များစွာရရှိခဲ့သည်။ ငရုတ် အအေးခန်း သွင်းအခကြေးငွေမှာ ငရုတ်တစ်ပိဿာလျှင် တစ်လအတွက် ၇၅ ကျပ် ဝန်းကျင်သာရှိကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည် အသစ်များသည် ယခင်နှစ် ကာလတူထက် စျေးနှုန်းမြင့်ရရှိလာသည်။ ယခင်နှစ်တွင် မေလဝန်းကျင်ဖြစ်ခဲ့သော ငရုတ်ရှည်အသစ်တစ်ပိဿာ ကျပ် ၂၁၀၀ နှုန်းသို့ ယခုနှစ် စျေးနှုန်းမကျနိုင်ဟု ရန်ကုန် ငရုတ်စျေးကွက်တွင် ခန့်မှန်းပြောဆိုခြင်းများရှိသည်။ သို့ဖြစ်ရာ ယခုနှစ်မြစ်ဝကျွန်းပေါ် ငရုတ်လှောင်မည့်သူများ ယခင်နှစ် ထက် ငရုတ် စျေးနှုန်း စျေးမြင့်ဝယ်ယူရနိုင်သည်ဟုပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/121638.html

## ကြက်သွန်နီအထွက်နှုန်းတိုးလာသဖြင့် ပြည်တွင်း၌ ကြက်သွန်စျေးနှုန်းများကျဆင်းနေ

ယခုတွင် ပြည်တွင်း၌ ကြက်သွန်နီအထွက်နှုန်းမြင့်တက်လာသဖြင့် စျေးကွက်အတွင်း ကြက်သွန်နီစျေးနှုန်းများ စျေးဆင်းနေကြောင်း ကြက်သွန်ပွဲရုံများနှင့် ကုန်သည်များထံမှသတင်းရရှိသည်။ ယခင်နှစ်များက ကြက်သွန်နီ စျေးကောင်း သည့်အတွက် တောင်သူများအနေဖြင့် ကြက်သွန်နီကို တိုးမြှင့်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။ ယခင်က ကြက်သွန် နီစိုက်တောင်သူတွေကနည်းကြောင်း၊ အရင်ကဆိုရင် စျေးကွက်ထဲကို ကြက်သွန်နီ တစ်နေ့တစ်နေ့ဝင်တာက ပိဿာချိန် တစ်သိန်းလောက်ပဲရှိကြောင်း၊ အခုတစ်သိန်းကျော်ထိဝင်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှ ကြက်သွန်ကုန်သည် ဦးစိုးမောင်ကပြောသည်။ သို့သော် ယခု မတ်လ ၁၀ ရက်နေ့ခန့်မှစတင်ကာ မန္တလေးကုန်စည်ဒိုင်စျေးကွက်မှ ကြက်သွန်နီ များကို တရုတ်နိုင်ငံမှ စတင်ဝယ်ယူနေပြီဖြစ်သည့်အတွက် ကြက်သွန်နီစျေးနှုန်းမှာ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ကုန်သည်များကဆိုသည်။

ပြည်ပကိုတင်ပို့တဲ့သူတွေကတော့ ပြည်တွင်းကြက်သွန်စျေးထပ်ပိုရနိုင်တယ်။ ပြည်တွင်းစျေးကျနေတော့ သုံးစွဲသူတွေ စျေးပေါပေါနဲ့ စားရတာပေ့ါ။ ဒီနှစ်ကတော့ စားသုံးသူတွေ အကြိုက်ဖြစ်ကြောင်း ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က ပြောသည်။ ယနေ့ မန္တလေးကုန်စည်ဒိုင် ကြက်သွန်စျေးကွက်၌ မြစ်သား၊ ကျောက်ဆည် စသည့်ဒေသများမှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ထိပ် စ ၅၀၀ ကျပ်၊ အောက်စ(ပွဲရုံစျေး) ၄၀၀ ကျပ်ခန့် စျေးနှုန်းများဖြင့် အရောင်းအဝယ် ရှိနေကြောင်းသိရသည်။ နွေကြက်သွန်နီအသစ်များမှာ လာမည့်ဧပြီလကုန်ခန့်တွင် စတင်ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6927

## မန္တလေးတွင် မွေးမြူရေးခြံလုပ်သား ငွားရမ်းခနှုန်းထား ၃၀ ရာခိုင်နှုန်းထိ မြင့်တက်လာ

ယခုနှစ်တွင် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မွေးမြူရေးခြံများအတွက် လိုအပ်နေသည့် အခြေခံခြံလုပ်သားငှားရမ်းခ စျေးနှုန်းများမှာ ၃၀ ရာခိုင်နှုန်းခန့်ထိ မြင့်တက်လာကြောင်း မွေးမြူရေးခြံပိုင်ရှင်များထံမှ သတင်းရရှိသည်။ မန္တလေးတိုင်း ဒေသကြီးအတွင်း၌ မွေးမြူရေးခြံလုပ်ငန်းများစွာရှိသော်လည်း အခြေခံလုပ်သားအရေအတွက်မှာ နည်းပါးနေခြင်းကြောင့် မွေးမြူရေးခြံများမှ လုပ်သားရရှိရေးအတွက် အပြိုင်အဆိုင်ခေါ်ယူနေရသည့်အတွက် ငှားရမ်းခစျေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ကြောင်းသိရသည်။ အခုဆိုရင် အခြေခံလုပ်သားစျေးကို အနည်းဆုံး ၁၅၀,၀၀၀ လောက်မှ မပေးနိုင်ရင် လုပ်သားရရှိဖို့ မလွယ်ကြောင်း ပုသိမ်ကြီးမြို့နယ်မှ ကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးရွှေဝင်းကပြောသည်။ ပြီးခဲ့သည့် ၂၀၁၈ ဒီဇင်ဘာလထိ အခြေခံလုပ်သားတစ်ဦးလျှင် တစ်လငှားရမ်းခ ၁၃၀,၀၀၀ ကျပ်ခန့် ပေးရသော်လည်း၊ လက်ရှိတွင် အခြေခံလုပ်သား တစ်ဦးလျှင် အနည်းဆုံး ၁၅၀,၀၀၀ ကျပ်မှ ၁၇၀,၀၀၀ ကျပ်ထိ ပေးကာငှားရမ်းနေရကြောင်းသိရသည်။

အခြေခံလုပ်သားလစာ တစ်လ ၁၇၀,၀၀၀ ကျပ်ပေးတာတောင် လာလုပ်မယ့်သူမရှိကြောင်း၊ ရက်မှန်တယ်ဆိုရင် ၁၀,၀၀၀ ကျပ် ပိုပေးမယ်ဆိုတာကို အခုထိလုပ်သားမရှိဘူး။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးစျေးက တက်လာကြောင်း မတ္တရာ မြို့နယ်မှ ဘဲမွေးမြူရေးလုပ်ငန်းရှင် ဦးခင်သောင်းကပြောသည်။ လက်ရှိမွေးမြူရေးခြံလုပ်သားများ၏ တစ်လငှားရမ်းခနှုန်း များမှာ တစ်လလျှင် ၁၇၀,၀၀၀ ကျပ်ခန့်ထိ ရှိသော်လည်း၊ အချို့မွေးမြူ ရေးခြံများတွင် ၁၅၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်ပါ ပေးကြောင်းသိရသည်။ အချို့ကကျ ပိုက်ဆံပိုမတောင်းဘူး။ ပိုက်ဆံတိုးပေးဖို့အစား ဆန် တစ်အိတ် ထောက်ပံ့ပေးရတယ်။ ဆန်တစ်အိတ် တန်ဖိုးတွက်ရင်တော့ ၂၀,၀၀၀ လောက်ထိရှိကြောင်း နွားမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းအောင်က ပြောသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6924

## ၂၀၁၉ ခုနှစ် ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် ဖင်လန်နိုင်ငံရပ်တည်



ယခုနှစ် ၂၀၁၉ အတွက် ကမ္ဘာပေါ်က အပျော်ရွှင်ဆုံးနိုင်ငံကတော့ ဖင်လန်နိုင်ငံဖြစ်တယ်လို့သိရပါတယ်။ ယခုနောက်ဆုံး ထုတ်ပြန်လိုက်တဲ့ World Happiness Report မှာတော့ ယင်းဖင်လန်နိုင်ငံဟာ ထိပ်ဆုံးနေရာမှာ နှစ်နှစ် ဆက်တိုက် ရပ်တည်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ကမ္ဘာ့အပျော်ရွှင်ဆုံး နိုင်ငံများစာရင်းမှာ ယင်းဖင်လန်နိုင်ငံရဲ့နောက်မှာတော့ ဒိန်းမတ်၊ နော်ဝေ၊ အိုက်စလန်နဲ့ နယ်သာလန်တို့ အသီးသီး ရပ်တည်နေကြလျက် ရှိပါတယ်။

ယင်း ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံများ အစီရင်ခံစာကိုတော့ မတ်လ ၂၀ ရက် နိုင်ငံတကာ ပျော်ရွှင်မှုနေ့မှာပဲ Sustainable Development Solutions Network for the United Nations က ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ယင်းအစီရင်ခံစာ မှာတော့ နိုင်ငံတွေကို အဓိကအားဖြင့် နိုင်ငံသားတွေအပေါ် ကောင်းကျိုးဖန်တီး ပေးနိုင်မှု၊ ဝင်ငွေလွတ်လပ်ခွင့်၊ ယုံကြည်မှု၊ ကျန်းမာသော ဘဝနေထိုင်မှုသက်တမ်း၊ လူမှုအထောက်အပံ့နဲ့ပေးကမ်း ရက်ရောမှုစတာတို့ကို တိုင်းတာတွက်ချက် ထုတ်ပြန်တယ်လို့သိရပါတယ်။

**Source:** https://edition.cnn.com/.../worlds-happiest-countr.../index.html

## ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားကြောင့် ကုန်သွယ်မှုမြင့်တင်နိုင်ဖို့ ထိုင်းမျှော်လင့်

ထိုင်းနိုင်ငံမဲဆောက်နဲ့ မြန်မာနယ်စပ်မြို့ မြဝတီတို့အကြားချိတ်ဆက်ထားတဲ့ ဒုတိယမြောက် ထိုင်းမြန်မာ ချစ်ကြည်ရေး တံတား ကိုတော့ တရားဝင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါတယ်။ ဒါဟာနှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ကုန်စည်နဲ့လူ ကူးလူး ပို့ဆောင်မှုကို အဆင်ပြေချောမွေ့စေဖို့ ရည်ရွယ်ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ အဆိုပါတံတားဖွင့်ပွဲအခမ်းအနားကိုတော့ မတ်လ ၁၉ ရက်ကကျင်းပခဲ့ရာမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိုင်းဝန်ကြီးချုပ် Prayut Chan-o-cha တို့ တက်ရောက်ခဲ့ပါတယ်။

ယင်း တံတားကြောင့် နှစ်နိုင်ငံစလုံးအနေနဲ့ နယ်စပ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ချိတ်ဆက်မှုတွေကို ပိုမိုအဆင်ပြေစေမယ့် နောက်ထပ် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်လာမှာဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောသွားပါတယ်။ အဆိုပါ တံတားကြောင့် ထိုင်းရဲ့စီးပွားရေးဇုန်ကို မြန်မာနဲ့အကြားကူညီချိတ်ဆက်စေနိုင်ဖို့၊ သယ်ယူပို့ဆောင်ရေးလွယ်ကူ ချောမွေ့ စေဖို့၊ ခရီးသွား၊ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတို့မြင့်တင်နိုင်လိမ့်မယ်လို့ ထိုင်းအာဏာပိုင်တွေက မျှော်လင့်နေကြလျက် ရှိပါတယ်။

**Source:** http://www.nationmultimedia.com/detail/asean-plus/30366115

## အာဆီယံဒေသမှာ WTO နဲ့ နိုင်ငံစုံပါ ကုန်သွယ်ရေးအငြင်းပွားမှု ဖြေရှင်းရေးစနစ် ကျင့်သုံးနိုင်ရေး ထိုင်းတွန်းအားပေးလုပ်ဆောင်

ကုန်သွယ်ရေး အငြင်းပွားမှုပဋိပက္ခတွေကို ဖြေရှင်းရာမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် WTO ရဲ့ နိုင်ငံစုံပါ စနစ်တစ်ခုကို အသုံးပြုနိုင်ရေးအတွက် အာဆီယံနိုင်ငံတွေကို ဆွဲဆောင်သိမ်းသွင်းနိုင်လိမ့်မယ်လို့ ထိုင်းအစိုးရကမျှော်မှန်းနေလျက် ရှိပါတယ်။ ယခုနှစ် အာဆီယံဥက္ကဌ အဖြစ်တာဝန်ယူချိန် ထိုင်းအနေနဲ့ လာမယ့် ဧပြီ ၄-၇ လာအိုမှာ ကျင်းပမယ့် ဒုတိယမြောက် အာဆီယံ အဆင့်မြင့်အစည်းအဝေးမှာ ယင်းအဆိုပြုချက်ကို တင်ပြသွားမယ်လို့ ထိုင်းကုန်သွယ်မှုညှိနှိုင်းရေး ဌာန ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum က ပြောပါတယ်။

ပြီးခဲ့တဲ့ နှစ်တွေအတွင်း ကုန်သွယ်ရေးတင်းမာမှုတွေဖြစ်ချိန်မှာ နိုင်ငံအများစုဟာ နှစ်နိုင်ငံအကြားအပြန်အလှန် အခြေခံ ပြီးတော့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးလုပ်ဆောင်ချက်တွေကိုပဲ ရှေ့တန်းတင်လုပ်ဆောင်ခဲ့ကြောင်း သူမကပြောပါတယ်။

ယင်းကတော့ ကမ္ဘာမှာ လွတ်လပ်စွာကုန်သွယ်မှု၊ ကုန်သွယ်ရေးဖြေလျှော့မှု၊ ပွင့်လင်းမြင်သာမှုရှိမှုတို့ကို အားပေးအားမြှောက်ပြုဖို့ ဖွဲ့စည်းထားတဲ့ WTO အတွက် စိန်ခေါ်မှုတစ်ခုလို ဖြစ်နေတယ်လို့ သူမကထပ်လောင်း ပြောသွားပါတယ်။ ထိုင်းအနေနဲ့ကတော့ WTO ကို အရေးပေါ် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ မျှော်လင့်ထားကြောင်း၊ အထူးသဖြင့် ကုန်သွယ်ရေးပဋိပက္ခ ဖြေရှင်းရေးလုပ်နည်းကိုင်နည်းမှာဖြစ်ကြောင်း သူမကပြောသွားပါတယ်။ တစ်ချိန်တည်းမှာလည်းပဲ ထိုင်းနိုင်ငံစီးပွားရေးအတွက် အကျိုးကျေးဇူးရစေနိုင်တဲ့အတွက် ပစိဖိတ်ဒေသ ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုစာချုပ် CPTPP မှာ ထိုင်းနိုင်ငံ ပါဝင်လက်မှတ်ထိုးဖွယ်ရှိနေပြီး နောက်တက်မယ့်အစိုးရ လက်ထက်မှာ ခွင့်ပြုချက်တောင်းခံသွားမယ်လို့လည်း သူမက ပြောသွားပါတယ်။

**Source:** https://www.bangkokpost.com/…/bangkok-pushes-wto-multilater…

SFJ Strategy First Journal

## အီးယူသို့ မြန်မာပို့ကုန်ပမာဏ ၄၇ ရာခိုင်နှုန်းတိုးတက်

ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်နိုင်ငံများသို့ မြန်မာနိုင်ငံမှ ပို့ကုန်ပမာဏသည် ၂၀၁၈ တွင် ၄၇ ရာခိုင်နှုန်းတိုးတက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂရုံးက ထုတ်ပြန်ထားခဲ့ပါတယ်။ ကုန်သွယ်မှုနှင့်ဆက်စပ်ပြီး အခွန်သက်သာခွင့် (GSP)အခွင့် အရေးနှင့်ပတ်သက်၍ အီးယူက ပြန်လည်စိစစ်နေချိန်တွင်အခြား တစ်ဖက်၌ ပို့ကုန်ပမာဏက ယူရို ၂ ဒသမ ၂၉ ဘီလီယံဖိုး အထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၇ တွင် ကုန်သွယ်မှုပမာဏတိုးတက်မှု ၃၆ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။ အီးယူနိုင်ငံများသို့ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်သည် ချုပ်ပြီးအထည်များက ပမာဏအများဆုံးဖြစ်ပြီး ၂၀၁၈ က မြန်မာနိုင်ငံ၏ ချုပ်ပြီးအထည်များ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံကျော်တွင်အီးယူဈေးကွက်သို့ တင်ပို့နိုင်သည့် ပမာဏက ထက်ဝက်ကျော်ပါဝင်လာခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ အထည်ချုပ် လုပ်သားငါးသိန်းကျော်တွင် အီးယူသို့ တင်ပို့မည့်အထည်များချုပ်လုပ်သည့် လုပ်သားအင်အားက ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင်အချို့က ပြောခဲ့ပါတယ်။ အီးယူဈေးကွက်ရထားတဲ့အတွက် ပြည်ပတင်ပို့မှုက ပုံမှန်တိုးတက်နေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောပါတယ်။ အီးယူထံမှ GSP အခွင့်အရေးရပြီးနောက် နှစ်စဉ်မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် ၃၀ ရာခိုင်နှုန်းခန့် ပုံမှန်တိုးတက်လာခဲ့ပါတယ်။ ချုပ်ပြီးအထည်တင်ပို့မှုပြီးလျှင် အီးယူသို့အခြားပို့ကုန်များမှာ ဆန်နှင့်ဆန်ကွဲအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ချုပ်ပြီးဖိနပ်တို့ဖြစ်သည်။ မြန်မာနှင့်အီးယူအပြန်အလှန်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံမှပို့ကုန်ပမာဏက ပိုများကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးက ထုတ်ပြန်ထားခဲ့ပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1694-export.html

## ၂၀၂၀-၂၀၂၅ ခုနှစ် အမျိုးသားပို့ကုန်မဟာဗျူဟာကို ဌာနဆိုင်ရာနှင့်လုပ်ငန်းရှင်များ၏ တင်ပြချက်များအား အထူးထည့်သွင်း ရေးဆွဲသွားမည်ဟုဆို

လက်ရှိမွမ်းမံပြင်ဆင်ထားသည့် ၂၀၂၀-၂၀၂၅ ခုနှစ် အမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးမှ ပြုပြင်စေလိုသည့်အကြံပြုချက်များကို ဂရုတစိုက်ဖြင့် နားထောင်ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးမှပြောကြားသည်။ ဒီမဟာဗျူဟာကို အဓိကမြို့ကြီးတွေသာမကတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ မှာပါ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဦးအောင်စိုးကပြောသည်။

အဆိုပါ ပို့ကုန်မဟာဗျူဟာသည် သီအိုရီသဘောတရား တစ်ခုသက်သက်အတွက် ရေးဆွဲထားခြင်းမဟုတ်ပဲ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိစေရေးအတွက် စနစ်တကျ ရေးဆွဲထားခြင်းဖြစ်ကြောင်း ၎င်းကထပ်မံပြောသည်။ NES က သမာရိုးကျပို့ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုး တိုးတက်လာအောင် အထောက်အကူပြုသကဲ့သို့ တစ်ဖက်မှာလည်း ပို့ကုန်လုပ်ငန်းရှင်အသစ်တွေ ပေါ်ထွက်လာအောင် လမ်းပြကူညီသွားမှာဖြစ်တယ်။ ခိုင်မာအားကောင်းတဲ့ ပို့ကုန်မူဝါဒဆိုင်ရာအခြေခံမူဘောင်တွေလိုအပ်ကြောင်း ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောသည်။

ယှဉ်ပြိုင်နိုင်မှုဆိုင်ရာဖိအားများကို ဖြေရှင်းရေး၊ ထိရောက်စွာစွမ်းဆောင်လာစေရန် ထိန်းချုပ်စီမံရေးစနစ်များအား ခေတ်မီအောင်ပြုလုပ်ရေး၊ ပို့ကုန်တိုးမြှင့်နိုင်ရန် မြန်မာ့စက်မှု လက်မှုလုပ်ငန်းများအား ဖွံ့ဖြိုးလာစေရန် အရှိန်အဟုန်မြှင့်တင်ရေးစသည်တို့အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ခုနှစ်တွင် ထည့်သွင်းခြင်း၊ ဒေသတွင်းနှင့်ကမ္ဘာ့ကုန်သွယ်ရေးတွင် မြန်မာ့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများတိုးတက်ရရှိလာစေရန် ဦးတည်ချက်များကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6926

## Thura News Views

### Second friendship bridge opens between Thailand and Myanmar

Myanmar and Thailand have opened their second friendship bridge, connecting Myawaddy in Kayin State with Thailand's Mae Sot. It is aimed at boosting trade and tourism between the two countries, according to an article in the Myanmar Times. The opening ceremony on March 19, was attended by Myanmar's State Counsellor Daw Aung San Suu Kyi and Thai Prime Minister Prayut Chanocha. "This is a symbol of cooperation for our mutual interest, and the bridge will ben-efit the people in both countries," said Aung San Suu Kyi. Construction of the bridge began in 2015, and it cost about US$132 million, the report said. The tourism industry would likely see a particular benefit from the bridge opening. It would provide tourists more options for traveling overland between the two countries.

### Protests held against nationwide hydropower dams

Civil society groups conducted a two-day protest in Mandalay last week against large-scale hydropower projects planned on the country's rivers. According to an article in Frontier, on the first day of the conference participants celebrated the country's rivers. The participants also shared their experiences about hydropower developments in Myanmar. The discussion was around the controversial Myitsone Dam in Kachin State, which China is lobbying to have re-started after it was postponed in 2012. On the second day, hundreds of participants wearing "No Dam" headbands sailed a ferry along the Ayeyarwady River to mark the International Day of Action for Rivers. Participants said the event was the first time civil society groups across the country have come together to protest against hydropower. Last week, State Counsellor Daw Aung San Suu Kyi made rare public comments about Myitsone. She was calling on people to consider it from "a wider perspective". Protesters were also demonstrating against the government's plans to build more than 50 large hydropower dams on the country's rivers. "These dams directly threaten and exploit the fragile ecology of the rivers and the ethnic communities who rely on them for their survival and for the survival of their cultural heritage," the groups said in a statement.

### SolarHome secures USD 1 million investment

SolarHome, a Singapore-based solar energy startup with a focus on Myanmar, has received a USD 1 million equity investment from Singapore's Trirec, which is already an investor in the project, according to an article in Dealstreet Asia. SolarHome, which provides energy solutions for off-grid households in Myanmar,

TIR

is currently expanding its oper-ations in the country and claims to have installed more than 30,000 solar homes across the country, with aims to reach 100,000 by the end of this year, the article said. It is also installing pay-as-you-go solar for off-grid homes across Southeast Asia, the article said. In December last year, SolarHome raised USD 10 million debt-financing through a con-sortium of investors.

## Wave Money and MEB to offer mobile pension payments

Mobile financing firm Wave Money has announced a partnership with state-owned Myanma Economic Bank (MEB) to provide mobile pension payments to public sector retirees across the country. According to an article in the Myanmar Times, an initial pilot program has already been established in Yangon's North Dagon Township. The two companies are now planning to scale-up their operations, the article said. Brad Jones, CEO of Wave Money, says "Our goal is to deliver this service to all government pensioners in Myanmar". He also added that "We can make pension payments in Myanmar faster and more efficient while making it a lot easier for the pensioners to access their funds". Currently retirees are able to use E-pension cards to draw their pensions, but the process can take several hours.

**Source: Thura Swiss News (Issue 358 Mar 21, 2019)**

## STOCK EXCHANGE (22.3.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 516 | 4,540,800 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 9,942 | 28,089,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 362 | 2,570,200 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 20,500 | 21,000 | 20,500 | 115 | 2,360,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 464 | 1,229,600 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.85 | +0.00 | +0.00% | 370.95 | 371.85 | 370.95 | 11,399 | 38,790,300 | 5 | 507,664 |


**Index chart**



# Market Overview

As of 1:00 pm, 22nd Mar. 2019

| MYANPIX | 371.85<br>▲ 0.00 |
|---|---|
| Total Volume (shares) | 11,399 |
| Total Value (MMK) | 39 mil |
| Listed Company | 5 |
| Market Cap. (MMK) | 507,664 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |

TIR